## ENDING 2025 WITH TRUTHS THAT LAST FOREVER

## ၂၀၂၅ ခုနှစ်ကိုထာဝရတည်တံ့သောသမ္မာတရားများနှင့်အဆုံးသတ်ခြင်း။

ဒီဇင်ဘာလ(၂၈)ရက်နေ့တွင်နောက်ဆုံးတရုတ်မိတ်သာဟာရစည်းဝေးခြင်း၌ဝတ်ပြုသူတစ်ဦးသည်ဘုရားသခင်၏နှုတ်ကပတ်တော်မှများစွာသင်ယူခဲ့ပြီး၊ယခုနှစ်(SHBPC)တွင်သူ၏ယုံကြည်ခြင်း၌ကြီးထွားလာခဲ့ကြောင့်မျှဝေခဲ့ပြီး၊စင်ကာပူတွင်နှစ်ပေါင်းများစွာအလုပ်လုပ်ခဲ့သည့်ညီအစ်ကိုတစ်ဦးသည်သူ၏လုပ်ငန်းတွင်ဘုရားသခင်၏ကျေးဇူးတော်ကိုဝေငှခဲ့ကာ၊ညီမတစ်ဦးသည်အသင်းတော်တွင်သူမ၏အစေခံမှု၌ဘုရားသခင်၏လမ်းပြမှုကိုပြောကြားခဲ့ပြီး၊နောက်တစ်ဦးသည်သူ၏ကယ်တင်ခြင်းနှင့်သခင်ဘုရား၌သဿနာကိုဝေငှခဲ့သည်။

ကျွန်ုပ်တို့သည်(၂၀၂၅)ခုနှစ်ကိုအဆုံးသတ်သည်နှင့်အမျှနှစ်သစ်ကူးနှင့်နောက်ပိုင်းတွင်ကျွန်ုပ်တို့အပြည့်အဝယုံကြည်နိုင်သည့်အရာများရှိပါသလား။မပြောင်းလဲဘဲ၊ထာဝရတည်တံ့မည့်အမှန်တရားများရှိပါသလား။

ကျွန်ုပ်တို့သည်အလျင်အမြန်ပြောင်းလဲနေသည့်လောကကြီးတွင်နေထိုင်ကြပြီး၊ထာဝရတည်တံ့မည့်အရေးပါသည့်အမှန်တရားများအချို့ကိုမှတ်မိရန်နှင့်ကျွန်ုပ်တို့မမေ့လျော့စေရန်၊၎င်းတို့ထဲမှ၅၊နေရာတွင်ဖော်ပြထားပါသည်။

### (၁)။ သမ္မာကျမ်းစာထဲမှဘုရားသခင်သည်ပလ္လင်ပေါ်တွင်ရှိနေဆဲဖြစ်သည်။

**(ဟေဗြဲ ၁၂း၃၊၄၊ထွက် ၃း၁၄၊ယောဟန် ၈း၅၈)**

**God of the Bible is Still on the Throne**

ကျွန်ုပ်တို့၏ဘုရားသခင်သည်အချုပ်အခြာအာဏာပိုင်ဖြစ်ပြီး၊အရာခပ်သိမ်းကိုမကြွင်းမဲ့ထိန်းချုပ်ကာ၊သူ၏ခွင့်ပြုချက်မရှိဘဲ၊မည်သည့်အရာမှဖြစ်ပျက်ခြင်းမရှိသည်ကိုသတိရပါ။ဘုရားသခင်၏တန်ခိုးတော်သည်ကျွန်ုပ်တို့၏ဝိညာဉ်ရေးရာအမြင်များနှင့်မျက်စိကိုရှင်းလင်းစေပြီး၊ကျွန်ုပ်တို့လျှောက်လှမ်းနေသည့်ခြေလှမ်းတိုင်း၌ဘုရားသခင်နှင့်သူ၏အစီအစဉ်ပွါယ်ကိုထည့်သွင်းစဉ်းစားစေပါ။ဘုရားသခင်တည်ရှိပြီး၊ထိုင်းနှင့်မလေးရှားတွင်ရေကြီးမှု၊မြန်မာနိုင်ငံတွင်နိုင်ငံရေးမတည်ငြိမ်မှုများ၊ဖိလစ်ပိုင်တွင်ဆိုင်ကလုန်းမုန်တိုင်းများ၊ဟောင်ကောင်တွင်မကြာသေးခင်ကမီးလောင်မှုဖြစ်ရပ်၊ထိုင်ဝမ်တွင်(၇.၀) ရစ်ချ်

တာစကေးရှိသည့်ငလျင်နှင့်ဥရောပတွင်စစ်ပွဲများနှင့်တင်းမာမှုများ၊အရှေ့အလယ်ပိုင်းနိုင်ငံတွင်အစ္စရေးနှင့်ထိုင်ဝမ်ရေလက်ကြားတစ်လျှောက်တွင်ဖြစ်ပွါးခဲ့သည့်စစ်ပွဲများရှိသော်လည်းအရာအားလုံးသည်ကျွန်ုပ်တို့အတွက်အပြောင်းအလဲတစ်ခုဖြစ်သည်။ဘုရားသခင်သည်အရာခပ်သိမ်းအပေါ်အစိုးရတော် မူသောဘုရားသခင်ဖြစ်နေဆဲဖြစ်သည်။

## (၂)။ နောင်တရနေသည့်အပြစ်သားများအတွက်ဘုရားသခင်၏ အကြံအစည်။

**(ရောမ ၅း၈၊ယောဟန် ၁၆း၂၅၊ယေရမိ ၃၂း၄၀-၄၁)**

**Divine Plan for Repentant Sinners**

ကျဆုံးသွားသည့်အပြစ်သားများအတွက်မျှော်လင့်ခြင်းရှိသည်။ခရစ်တော်ကိုကယ်တင်ရှင်အဖြစ်လက်ခံခြင်းနှင့်ကျွန်ုပ်တို့ပေါ်ဘုရားသခင်၏အဆုံးမရှိသောတန်ခိုးတော်နှင့်အကြံအစည်ကိုတွေ့ကြုံခံစားခြင်းဆိုင်ရာ၊အရေးကြီးသည့်သမ္မာကျမ်းစာအမှန်တရားတစ်ခု၊ဘုရားသခင်သည်မထိုက်တန်သော၊အပြစ်ရှိသောအပြစ်သားများအပေါ်ချစ်ခင်ကြင်နာမှုကိုကျွန်ုပ်အားပေးတော်မူပါသည်။ဘုရားသခင်ကျွန်ုပ်၏လိုအပ်ချက်များကိုလျစ်လျူရှုခြင်းမရှိပေ။ကျွန်ုပ်တို့သည်ဘုရားသခင်အားရှေးဦးစွာရှာဖွေပြီးကျွန်ုပ်၏အပြစ်များကိုဝန်ခံကာ၊နောင်တရပြီး၊ဘုရားသခင်၏ကရုဏာတော်ဖြင့်ခွင့်လွှတ်ခြင်းနှင့်ခွင့်လွှတ်ခံရခြင်းရရန်လိုအပ်ပါသည်။

## (၃)။ယေရှုသည်ထာဝရနှစ်သိမ့်မှုနှင့်မျှော်လင့်ခြင်း၏တစ်ခုတည်းသောအရင်းအမြစ်ဖြစ်သည်။

**(ရောမ ၈း၂၈ နှင့် ၃၂၊ ၁၅း၁၄)**

**Jesus is the Only Source of Eternal Comfort & Hope**

ဤကမ္ဘာမြေကြီးပေါ်ရှိမည်သည့်အရာမှအကြွင်းမဲ့မှီခိုအားထားရန်မထိုက်တန်ပါ။သမိုင်းအားလုံး၏အဓိကအချက်မှာခရစ်တော်နှင့်လက်ဝါးကပ်တိုင်ပေါ်တွင်အသေခံခြင်းနှင့်သုံးရက်အကြာတွင်ရှင်ပြန်ထမြောက်ခြင်းဖြစ်သည်။ခရစ်တော်သည်ဤလောကသို့ကြွလာခဲ့ပြီး၊လူသားများကြားတွင်နေထိုင်ခဲ့ကာ၊အပြစ်ကင်းစင်သောဘဝ၌နေထိုင်ခဲ့သည်ဟူသောဓမ္မဌာန်ကျသောအမှန်တရားတစ်ခုဖြစ်သည်။၎င်းသည်ကျွန်ုပ်၏ကြိုပမ်းမှုများမှတစ်ဆင့်ဘုရားသခင်ထံမှလက်ခံမှုကိုရရှိရန်ကျွန်ုပ်၏ကိုယ်ပို

င်အသက်တာမှကျွန်ုပ်၏အကြည့်ကိုလွဲဖယ်စေပါသည်။ထို့အပြင်လက်ဝါးကပ်တိုင်၏အပြစ်ဖြေလုပ်ဆောင်ချက်များသည်ကျွန်ုပ်အပေါ်မည်ကဲ့သို့ပင်ဖြစ်ပျက်ပါစေ၊ကျွန်ုပ်တို့၏အဆုံးမရှိသောကောင်းကျိုးအတွက်ဖြစ်နိုင်သည့်အဆိုးရွားဆုံးစုံစမ်းခြင်းသို့မဟုတ်သွေးဆောင်ခြင်းကိုပင်ယုံကြည်သူများအတွက်မျှော်လင့်ခြင်းရှိကြောင်းရှင်းရှင်းလင်းလင်းပြသပါသည်။ဘုရားသခင်သည်ကျွန်ုပ်တို့နှင့်အတူရှိပြီး၊ကျွန်ုပ်တို့သည်ဘုရားသခင်၏အလိုတော်၌ရှိပါက၊ကျွန်ုပ်သည်မည်သည့်အရာကိုမျှကြောက်ရွံ့စရာမလိုတော့ပေ။

## (၄)။ လူအပေါင်းတို့သည်ဘုရားသခင်၏အကူအညီလိုအပ်သည့်အပြစ်သားများဖြစ်သည်။

**(ရောမ ၃း၂၃၊၆း၂၃၊ ဟေဗြဲ ၁၀း၁၄၊ ၂ ကောရိ ၅း၂၁)**

**All are Sinners in Need Divine Help**

ကျွန်ုပ်တို့သည်မည်သူမည်ဝါဖြစ်ကြောင်းသိရှိပြီး၊အသိအမှတ်ပြုရန်လိုအပ်ပါသည်။ကျွန်ုပ်တို့၏အကျင့်ယိုယွင်းမှုအတွက်ဘုရားသခင်၏ဖြောင့်မတ်ခြင်း၏အလှကိုကျွန်ုပ်တို့၏အသက်တာများကိုပေးအပ်ရမည်ဖြစ်သည်။"အပြစ်ရှိသောအပြစ်သားတစ်ဦးအနေဖြင့်၊ကျွန်ုပ်သည်ဤနေရာတွင်မည်ကဲ့သို့လုပ်ဆောင်နေမည်နည်း"ဟူသောမေးခွန်း၏အဖြေမှာယုံကြည်ခြင်းနှင့်ဧဝံဂေလိတရားကြောင့်နောင်တရခြင်းအားဖြင့်ခရစ်တော်တစ်ပါးတည်းကိုသာမိမိ၏သခင်နှင့်ကယ်တင်ရှင်အဖြစ်လိုအပ်ခြင်းဖြစ်ပြီး၊မိမိကိုယ်ကိုသို့မဟုတ်လူသို့မဟုတ်ဤကျဆုံးသော လောကကြီးကိုမယုံကြည်ခြင်းဖြစ်သည်။

## (၅)။ တကယ့်ငရဲ၏ပြင်းထန်သည့်အကျိုးအဆက်။

**(ရောမ ၃း၁၀၊၁တိ ၁း၁၅၊ဗျာ ၂၀း၁၂-၁၅၊၂၁း၈)**

**Serious Consequence of a Literal Hell**

လူတိုင်းအတွက်သေဆုံးပြီးနောက်ဘဝတစ်ခုရှိသော်လည်း၊အရေးကြီးသည့်မေးခွန်းသည် "နေရာ၊နေရာ၊နေရာ"ဖြစ်သည်။ဘဝတွင်အရေးကြီးသည့်ရည်ရွယ်ချက်တစ်ခုရှိသော်လည်း၊ကျွန်ုပ်တို့သည်ပထမဦးစားပေးရန်လိုအပ်ပါသည်။ဤအရာသည်ယေရှုကိုရှာဖွေပြီး၊ဝတ်ပြုကိုးကွယ်ရန်နှင့်ကျွန်ုပ်တို့ကယ်တင်ရှင်၏ရှေ့မှောက်တွင်တုန်လှုပ်ချောက်ချားသည့်ကျေးဇူးတင်စိတ်ကိုထိန်းသိမ်းရန်ဖြစ်

သည်။ဧဝံဂေလတရားတရားအတွက်ဘုရားသခင်ကိုကျေးဇူးတင်ပါသည်။ဘုရားသခင်၏သန့်ရှင်းခြင်း၊တရားမျှခြင်းနှင့်ဖြောင့်မတ်ခြင်းတို့ကိုအံ့သြချီးကျူးပြီး၊ထာဝရမီးအိုင်ထဲတွင်ဆန့်ကျင်မှုမရှိဘဲ၊အဆုံးသတ် မသွားပါနှင့်။

## (၆)။သေခြင်းတရားသည်အမှန်တကယ်ဖြစ်ပြီး-ကျွန်ုပ်တို့နေ့ရက်များကိုရေတွက်ကာ၊ပညာရှိရှိနေထိုင်ရန်လိုအပ်ပါသည်။

**(ဆာလံ ၉၀း၁၂၊ယာကုပ် ၄း၁၄၊ဟေဗြဲ ၉း၁၇)**

**Death is Real-We Need to Number Our Days & Live Wisely**

နှစ်စဉ်နှစ်တိုင်းသခင်နှင့်အတူရှိနေရန်တစ်ယောက်ယောက်အိမ်ပြန်သွားပါသည်။ကျွန်ုပ်(၂၀၂၅)ခုနှစ်တွင်ဈာပနအစီအစဉ်အတော်များများလုပ်ဆောင်ခဲ့ပါသည်။ကျွန်ုပ်တို့အသက်တာသည်ဘုရားသခင်၏လက်ထဲတွင်ရှိနေပြီး၊နေ့ရက်များသည်ဆိုးယုတ်သည့်အတွက်ကျွန်ုပ်တို့၏အချိန်ကိုရွေးနှုတ်ရန်လိုအပ်ပါသည်။ဤရိုးရှင်းပြီး၊ပိုရှင်းလင်းသည့်အရာဘာမှမရှိပေ။ဤကမ္ဘာမြေပေါ်ရှိကျွန်ုပ်တို့၏နေ့ရက်များကို(ဆာလံ-၉၀း၁၂)တွင်ဖော်ပြထားသည့်အတိုင်းရေတွက်ထားကြောင်းရိုးရှင်းသောသတိပေးချက်သည်၊"အကျွန်ုပ်တို့သည်ပညာတရားကိုနှလုံးသွင်းမိသည့်အကြောင်းကိုယ်နေ့ရက်ကာလကိုရေတွက်နိုင်စေခြင်း၄ါ သွန်သင်တော်မူပါ။"

ကျွန်ုပ်တို့၏မြေကြီးပေါ်ရှိသေခြင်းတရားသည်တစ်နေ့တွင်မည်မျှမြန်မြန်ပျောက်ကွယ်သွားနိုင်မည်နည်း။ကျွန်ုပ်တို့သည်အားနည်းပြီး၊မည်သည့်အချိန်တွင်မဆိုဤလောကမှထွက်ခွါသွားရန်အဆင်သင့်ဖြစ်နေမည်ဟုကျွန်ုပ်တို့တွေးတောဆင်ခြင်ရန်လိုအပ်ပါသည်။သင်၏ဘုရားသခင်နှင့်တွေ့ဆုံရန်အဆင်သင့်ဖြစ် ပြီလား။

## (၇)။ သခင်ဘုရား၏နီးကပ်လာသောကြွလာခြင်း။

## (ဗျာ ၂၀ နှင့် ၂၁၊ ရောမ ၈း၁၈၊တိတု ၂း၁၃-၁၄၊ဟေဗြဲ ၁၀း၃၄)

**Imminent Coming of the Lord**

သမ္မာကျမ်းစာတွင်ဘုရားသခင်၏ဒုတိယအကြိမ်ကြွလာခြင်းနှင့်လောကကိုတရားစီရင်ခြင်းနှင့်ကျွန်ုပ်တို့၏သခင်ရှေ့တော်၌ရှိနေမည့်ထာဝရနေရာတစ်ခုအကြောင်းဖော်ပြထားသည်(ယောဟန် ၁၄း၁-၆)။ထာဝရဘုန်းအသရေ၌မျှော်လင့်ချက်နှင့်ခရစ်တော်တစ်ပါးတည်းအားဖြင့်ဖော်ပြ၍ မရသောပျော်ရွှင်မှု၏အာမခံချက်ရှိသည့်တစ်ချို့သောသူတို့သည်ဘုရားသခင်နှင့်အတူကောင်းကင်ဘုံတွင်ရှိနေကြမည်ဖြစ်သော်လည်းကျွန်ုပ်သည်ခရစ်တော်တစ်ပါးတည်း၌စစ်မှန်သောယုံကြည်ခြင်းရှိပြီး၊ဘုရားသခင်ရှေ့ တော်၌ကျွန်ုပ်တို့၏အပြစ်များကိုဝန်ခံပြီး၊နောင်တရမှသာဖြစ် နိုင်မည်ဖြစ်သည်။

## (၈)။ ကမ္ဘာပေါ်ရှိဧည့်သည်များနှင့်ခရီးသွားလာသူများ။

## (၁ပေ ၂း၉-၁၂၊ဟေဗြဲ ၁၁း၁၃-၁၆)

**Strangers & Pilgrims on Earth**

"ဤလောကသည်ငါ့အိမ်မဟုတ်၊ငါဖြတ်သန်းသွားသည့်အရာ၊ငါ့ဘဏ္ဍာများကိုတစ်နေရာရာတွင်သိမ်းဆည်းထားသည်၊"ဟုသီဆိုသောသီချင်းတစ်ပုဒ်ရှိသည်။ဤလောကအိမ်တော်နှင့်ကောင်းမွန်စွာမကိုက်ညီသောကြောင့်အိမ်လွမ်းသည်ဟုခံစားရသင့်သည်။ကျွန်ုပ်တို့သည်ခရီးသွားလာသူများနှင့်ဧည့်သည်များအဖြစ်သာဖြတ်သန်းသွားသောကြောင့်ယေရှုအကြောင်းယုံကြည်ခြင်းဖြင့်ပြောဆိုပြီး၊ဤလောကနှင့်ဆိုင်သောယာယီအသက်တာကိုလျော့ရဲစွာဆုပ်ကိုင်ထားပါသလား။မနက်ဖြန်အတွက်ကျွန်ုပ်တို့သည်ယာယီနေထိုင်နိုင်သောသူများဖြစ်သောကြောင့်သင်၏ပိုင်ဆိုင်မှုများသည်အလွန်နက်နက်ရှိုင်းရှိုင်းမတူးဆွပါနှင့်။ဆုတောင်းခြင်းဖြင့်စဥ်းစားရမည့်အရာတစ်ခုဖြစ်သည်။

## (၉)။ ထာဝရအရာများနှင့်ခရစ်တော်၌ကျွန်ုပ်တို့၏မျှော်လင့် ခြင်းအပေါ် အာရုံပါ။

## (ကောလော ၃း၁-၃၊ ယေရမိ ၂း၁၃၊ ဂလာတိ ၆း၁၄)

**Focus on Things Eternal & Our Hope in Christ**

သင်၏အချိန်၊ခွန်အားနှင့်ပစ္စည်းဥစ္စာများကိုအဘယ်အရာအတွက်အသုံးပြုသနည်း။လူအများအတွက်ငွေကြေး၊အလုပ်အကိုင်၊မိသားစု၊အားလပ်ချိန်နှင့်ပျော်ရွှင်မှုတို့ဖြစ်သည်။လောကစည်းစိမ်ဥစ္စာများကိုရှာဖွေခြင်းတိုင်းသည်တစ်နေ့တွင်ပျောက်ကွယ်သွားလိမ့်မည်ဖြစ်သည်။ကျွန်ုပ်၏စစ်မှန်သောနေအိမ်သည်ဤလောက၏နေအိမ်မဟုတ်သောကြောင့်၊ဤလောက၏စည်းစိမ်ဥစ္စာများကိုရှာဖွေခြင်းသည်တစ်နေ့တွင်ပျောက်ကွယ် သွားလိမ့်မည်ဖြစ်သည်။ဤကျဆုံးသွားသည့်လောကအစားအထက်အရာများကိုချစ်မြတ်နိုးပြီး၊ခရစ်တော်နှင့်ဘုရားသခင်၏နိုင်ငံတော်ကိုအာရုံစိုက်ကြပါစို့။ဤအရာအားလုံးကိုကျွန်ုပ်တို့ထံ ထပ်ပြီးပေးသနားတော်မူလိမ့်မည်ဖြစ်သည် (မဿဲ ၆း၃၃-၃၄)။

## (၁၀)။ငြိမ်သက်ခြင်း၊ဝမ်းမြောက်ခြင်းနှင့်ကြွယ်ဝသောအသက်တာ၏အပြည့်အဝအာမခံချက်။

## (ယောဟန် ၁၀း၁၀၊ဖိလိပ္ပိ ၄း၄၊ ၁ပေ ၁း၈ နှင့် ၉)

**Full Assurance of Peace, Joy & Abundant Life**

ဤမရေရာမသေချာ၊မတည်ငြိမ်သောလောကတွင်ဘဝ၏အပြည့်အဝအာမခံချက်ရှိပါသလား။ဟုတ်ကဲ့ပါ။၁ယောဟန်-၅း၁၁-၁၃၊တွင်ခရစ်တော်ကိုယုံကြည်သူများအတွက်ဘုရားသခင်၏နှုတ်ကပတ်တော်သည်၊"သက်သေခံချက်ဟူမူကား၊ဘုရားသခင်သည်ငါတို့အားထာဝရအသက်ကိုပေးတော်မူ၍၊ထိုအသက်သည်လည်းသားတော်၌ပါ၏။သားတော်ကိုရသောသူသည်အသက်ကိုရ၏။ဘုရားသခင်၏သားတော်ကိုမရသောသူမူကားအသက်ကိုမရ။ဘုရားသခင်၏သားတော်ကိုယုံကြည်သောသင်တို့သည်ထာဝရအသက်ကိုကိုယ်တိုင်ရသည်ဟုသိစေခြင်းငှါဤအရာများကိုသင်တို့အားငါရေး၍ပေးလိုက်၏။"

ကျွန်ုပ်တို့သည်ဘုရားသခင်၏ရှေ့တော်၌မှန်ကန်မှုရှိမရှိ၊ယခုချက်ချင်းဆန်းစစ်ရန်လိုအပ်ပါသည်။ကျွန်ုပ်တို့သည်နေ့စဉ်နေတိုင်းသခင်ဘုရားကိုလိုအပ်ပြီး၊ကျွန်ုပ်တို့၏အပြစ်များကိုဝန်ခံကာ၊ဆု

တောင်းခြင်းဖြင့်ဘုရားသခင်ထံလှည့်ပြန်ရန်လိုအပ်ပါသည်။အဘယ်ကြောင့်ဆိုသော်ဘုရားသခင်သ
ည်စိတ်ရင်းမှန် ဖြင့်နောင်တရသောအပြစ်သားများ၏အော်ဟစ်သံကိုကြားတော်မူမည်ဖြစ်သည်။

**နိဂုံး။**

ဤအရာများသည်ငွေနဲ့ဝယ်ယူလို့မရသည့်အရာ၊ရွှေနှင့်လဲလှယ်လို့မရသည့်အဖိုးတန်အရာများဖြစ်သည်။ဤအရာများသည်ကျွန်ုပ်တို့၏စိတ်ကိုအမြဲဖြည်းထားသင့်သည့်သတိပေးချက်များဖြစ်သည်။နှစ်ကုန်ပိုင်းသည်ကိုယ့်ကိုယ်ကိုဆင်ခြင်သုံးသပ်ပြီး၊လေးလေးနက်နက်စဥ်းစားရမည့်အချိန်ဖြစ်သည်။ယခုသင့်အသက်တာ၌အဘယ်နည်း။ဘုန်းတော်အတွက်ကျွန်ုပ်တို့၏အသက်တာကိုအဓိပ္ပါယ်ရှိအောင်လုပ်ဆောင်ကြပါစို့။(၂၀၂၆)ခုနှစ်အတွက်ဤမေးခွန်းကိုဖြေဆိုရန်လိုအပ်ပါသည်။"အကျွန်ုပ်တို့သည်ဤလောက၌ကောင်းကင်ဘုံအတွက်မည်သည့်အရာကိုလုပ်ဆောင်မည်နည်း။

**Rev. Dr. Jack Sin**

**Sovereign Hope BPC (Singapore)**

**ဘာသာပြန်သူ - Myitta**